# The Most Holy Trinity - C

## 1st READING: *Proverbs 8:22-31*

သုတ္တံကျမ်း ၈း၂၂–၃၁

ထာဝရဘုရားသည်ရှေးပဝေသဏီအခါကငါ့အားဦးစွာပထမဖန်ဆင်းတော်မူ။ငါသည်ကိုယ်တော်၏အဦးဆုံးသောလက်ရာတော်ဖြစ်ပေသည်။ငါသည်ကမ္ဘာမတည်မီအစဦးစွာကာလ၌လက်ဦးပထမဖန်ဆင်းတော်မူခြင်ကိုခံရ၏။နက်သောပင်လယ်သမုဒ္ဒရာများမဖြစ်ခင်၊ရေအလွန်ပေါများသောစမ်းရေတွင်းများမဖြစ်ပေါ်မီငါ့ကိုဖွားမြင်စေတော်မူခဲ့၏။တောင်တန်းများမဖြစ်ပေါ်မီ၊တောင်ကုန်းများမတည်ရှိမီငါ့ကိုဖွားမြင်စေတော်မူခဲ့၏။ကမ္ဘာမြေကြီးနှင့်လယ်တောများမဖြစ်ပေါ်မီ၊အဦးဆုံးသောမြေမှုန့်ကိုပင်ထာဝရဘုရား၊ဖန်ဆင်းတော်မမူမီငါ့ကိုဖွားမြင်စေတော်မူခဲ့၏။မိုးကောင်းကင်ကိုကိုယ်တော်နေရာချပေးတော်မူသောအချိန်၌လည်းကောင်း၊မိုးကုတ်စက်ဝိုင်းကိုမိုးမျက်နှာချက်တွင်မှတ်သားတော်မသောအချိန်၌လည်းကောင်း၊ကောင်းကင်ပြင်၌တိမ်တိုက်များကိုနေရာချထားတော်မူသောအချိန်၌လည်းကောင်း၊သမုဒ္ဒရာစမ်းပေါက်များကိုဖြစ်ပေါ်ချိန်၌လည်းကောင်း၊ပင်လယ်ရေကိုကန့်သတ်ချက်ရေမှတ်ထက်ပို၍မတက်ရန်အမန့်ပေးတော်မူသောအချိန်၌လည်းကောင်းကမ္ဘာမြေကြီး၏အခြေခံအုတ်မြစ်များကိုချမှတ်သောအခါ၌လည်းကောင်း၊ငါရှိတော်မူခဲ့၏။ထိုအခါငါသည်လက်မှုပညာသည်တစ်ဦးကဲ့သို့ကိုယ်တော်၏အပါးတော်၌ရှိနေတော်မူခဲ့၏။တစ်နေ့ပြီးတစ်နေ့ငါသည်နှစ်သိမ့်ကျေနပ်မှုနှင့်ပြည့်လျှံနေ၏။ကိုယ်တော်၏မျက်မှောက်တော်တင်အစဉ်အမြဲဝမ်းမြောက်လျက်ရှိ၏။ကိုယ်တော်၏ကမ္ဘာတစ်ဝှမ်းလုံး၌ဝမ်းမြောက်လျက်လူသားတို့၌ကျေနပ်လျက်နေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms 8: 4-5, 6-7, 8-9

**ဆာလံကျမ်း ၈**

**သံပြိုင်။** ။ အိုထာဝရဘုရား၊ တပည့်တော်တ ၏သခင်၊ ကိုယ် တော်၏နာမတော်သည်ကမ္ဘာတစ်ဝှမ်းလုံး၌မည်မျှ
လောက်တင့်တယ်တော်မူပါသနည်း။

**၁။** ။ ကိုယ်တော်၏လက်ညှိုးတော်မှဖြစ်သည့်အမှုအရာတည်းဟူသောကိုယတော်၏ကောင်းကင်ကိုလည်းကောင်း၊ကိုယ
တော်၏စီမံထားတော်မူသည့်လနှင့်ကြယ်များတို့ကိုလည်းကောင်းတပည့်တော်ကြည့်ရှုသောအခါလူသည်မည်သို့သောသူ
ဖြစ်၍၊ကိုယ်တော်သည်အောက်မေ့တော်မူရပါသနည်း။လူသားသကသက်မျှဖြစ်သောသူကိုအဘယ်ကြောင့်ကိုယ်တော်စောင့်
ရောက်တော်မူရပါသနည်း။ **(သံပြိုင်)**

**၂။** ။ ကိုယ်တော်သည်သူ့ကိုဘုရားရှင်ထက်အနည်းငယ်သာနိမ့်က|စေလျက်သူ့ကိုဂုဏ်ကျက်သရေဖြင့်သရဖူဆောင်းပေး
တော်မူ၏ ။ကိုယ်တော်၏ရွှေလက်တော်ဖြင့်ဖန်ဆင်းထားသောအရာတို့အပေါ်သူ့အားအုပ်ချုပ်သူအဖြစ်ခန့်ထားပေးတော်မူ
၏ ။ကိုယ်တော်သည်အရာအားလုံးကိုသူ၏ခြေဖဝါးအောက်သို့ရောက်စေတော်မူ၏ ။ **(သံပြိုင်)**

**၃။** ။ သိုး၊နွား၊တောတိရစ္ဆာန်လေတွင်ပျံသန်းသောငှက်များ၊ပင်လယ်ထဲမှငါးများနှင့်ပင်လယ်ရေတွင်ဖြတ်သန်းသွားကြ
သောသတ္တဝါတို့ဖြစ်ကြသတည်း။ **(သံပြိုင်)**

## 2nd READING: *Romans 5:1-5*

ရောမဩဝါဒစာ ၅း၁–၅

ထို့ကြောင့်ငါတို့သည်ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်လျှင်ငါတို့သခင်ယေရှုခရစ်တော်အားဖြင့်ဘုရားသခင်နှင့်ငြိမ်းချမ်းသာယာခြင်းကိုခံစားရကြ၏။ထိုသခင်အားဖြင့်သာငါတို့သည်ဤကျေးဇူးတော်ကိုခံစားကြရပြီးယခုတိုင်ငါတို့ခံစားလျက်ရှိ၏။သို့ဖြစ်၍ငါတို့သည်ဘုရားသခင်၏ဘုန်းတော်ကိုခံစားရမည်ဟူသောမျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ရွှင်လန်းကြ၏။ထိုမျှမကသေးငါတို့သည်ငါတို့သည်ဆင်းရဲဒုက္ခအတွက်လည်းဝမ်းမြောက်ကြရ၏။အကြောင်းမူကား၊ဆင်းရဲဒုကသည်သည်းခံနိုင်ခြင်းကိုဖြစ်ပေါ်စေတတ်၏။သည်းခံနိုင်ခြင်းသည်ဘုရားသခင်၏နှစ်သက်မှုကိုယူဆောင်၏။ဘုရားသခင်၏နှစ်သက်မှုသည်မျှော်လင့်ခြင်းကိုဖန်တီးပေး၏။ထိုမျှော်လင့်ခြင်းသည်ငါတို့အားစိတ်ပျက်စေလိမ့်မည်မဟုတ်။အဘယ့်ကြောင့်ဆိုသော်ဘုရားသခင်သည်ငါတို့အားပေးတော်မူသောသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ငါတို့၏စိတ်နှလုံးထဲသို့ကယ်တော်၏မေတ္တာတော်ကိုသွန်းလောင်းတော်မူသောကြောင့်ဖြစ်၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## **GOSPEL:** ***John 16:12-15***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၆း၁၂–၁၅

ငါသည်သင်တို့အားပြောစရာအကြောင်းများစွာရှိသေးသော်လည်းသင်တို့သည်ယခုခံယူနိုင်ကြမည်မဟုတ်။ သမ္မာတရား၏ဝိညာဉ်တော်ကြွလာတော်မူသောအခါသမ္မာတရားအကြောင်းအလုံးစုံတို့ကိုသင်တို့အားသွန်သင်တော်မူလိမ့်မည်။ အကြောင်းမူကားထိုအရှင်သည်မိမိအခွင့်အာဏာအလျောက်ဟောပြောလိမ့်မည်မဟုတ်၊သို့သော်မိမိကားသိရသောအကြောင်းအရာများကိုဟောပြောတော်မူလိမ့်မည်။ ထို့ပြင်နောင်ဖြစ်လတ္တံ့သောအကြောင်းအရာတို့ကိုသင်တို့အားသိစေလိမ့်မည်။ ကိုယ်တော်သည်ငါ၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေလိမ့်မည်။အကြောင်းမူကားထိုအရှင်သည်ငါနှင့်ဆိုင်သောတရားကိုယူ၍သင်တို့ကိုကြားသိစေသောကြောင့်ဖြစ်၏။ ခမည်းတော်၌ရှိသမျှသည်ငါနှင့်သက်ဆိုင်၏။ ထို့ကြောင့်ထိုအရှင်သည်ငါနှင့်ဆိုင်သောတရားကိုယူ၍သင်တို့အားကြားသိစေလိမ့်မည်ဟုငါဆိုခြင်းဖြစ်၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**